# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၆) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၅-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၈:၃၀) နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၈,၃၅၄,၃၄၂) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၆၉၆,၁၄၇) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၅-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၄-၈-၂၀၂၀) | (၅-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာ အသစ် | |
| ၁။ | အမေရိကန် | ၃၂၉.၁ | ၄,၆၂၉,၄၅၉ | ၄,၆၇၈,၆၁၀ | ၄၉,၁၅၁ | ၁၅၄,၉၅၂ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၂,၇၃၃,၆၇၇ | ၂,၇၅၀,၃၁၈ | ၁၆,၆၄၁ | ၉၄,၆၆၅ |
| ၃။ | အိန္ဒိယ | ၁၃၆၈.၇ | ၁,၈၅၅,၇၄၅ | ၁,၉၀၈,၂၅၄ | ၅၂,၅၀၉ | ၃၉,၇၉၅ |
| ၄။ | ရုရှ | ၁၄၃.၉ | ၈၆၁,၄၂၃ | ၈၆၆,၆၂၇ | ၅,၂၀၄ | ၁၄,၄၉၀ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၅၁၆,၈၆၂ | ၅၂၁,၃၁၈ | ၄,၄၅၆ | ၈,၈၈၄ |
| ၆။ | မက္ကဆီကို | ၁၂၈.၉ | ၄၃၉,၀၄၆ | ၄၄၃,၈၁၃ | ၄,၇၆၇ | ၄၈,၀၁၂ |
| ၇။ | ပီရူး | ၃၂.၉ | ၄၂၈,၈၅၀ | ၄၃၃,၁၀၀ | ၄,၂၅၀ | ၁၉,၈၁၁ |
| ၈။ | ချီလီ | ၁၈.၃ | ၃၆၁,၄၉၃ | ၃၆၂,၉၆၂ | ၁,၄၆၉ | ၉,၇၄၅ |
| ၉။ | ကိုလံဘီယာ | ၄၉.၈ | ၃၁၇,၆၅၁ | ၃၂၇,၈၅၀ | ၁၁,၄၇၀ | ၁၀,၁၉၉ |
| ၁၀။ | အီရန် | ၈၂.၈ | ၃၁၂,၀၃၅ | ၃၁၄,၇၈၆ | ၂,၇၅၁ | ၁၇,၆၁၇ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၅-၈-၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၄-၈-၂၀၂၀) | (၅-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၈၀,၄၆၁ | ၂၈၁,၁၃၆ | ၆၇၅ | ၆,၀၁၄ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၄၂,၁၀၂ | ၂၄၄,၀၂၀ | ၁,၉၁၈ | ၃,၂၃၄ |
| (ဂ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၁၃,၁၃၄ | ၁၁၅,၀၅၆ | ၁,၉၂၂ | ၅,၃၈၈ |
| (ဃ) | ဖိလစ်ပိုင် | ၁၀၉.၆ | ၁၀၆,၃၃၀ | ၁၁၂,၅၉၃ | ၆,၂၆၃ | ၂,၁၁၅ |
| (င) | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁၄၂၀.၁ | ၈၈,၅၇၄ | ၈၈,၆၈၂ | ၁၀၉ | ၄,၆၈၃ |
| (စ) | စင်္ကာပူ | ၅.၉ | ၅၃,၀၅၁ | ၅၃,၃၄၆ | ၂၉၅ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၃၂၁ | ၃,၃၂၈ | ၇ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၄ | ၆၅၂ | ၆၇၂ | ၂၀ | ၈ |
| (ဈ) | မြန်မာ | ၅၄.၃ | ၃၅၆ | ၃၅၇ | ၁ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) (လိုအပ်၍) အပြင်ထွက်ပါက၊ လူစုလူဝေးရှိသည့်နေရာများသို့သွားပါက သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ပိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန